# ကူဘိုတာ လေးဘီးထွန်စက် L4018 / L3218

| လေးဘီးထွန်စက် | | L3218 | L4018 | ယူနစ် |
|---|---|---|---|---|
| လေးဘီးမောင်း | | 4WD | | |
| **အင်ဂျင်စနစ်** | | | | |
| အင်ဂျင်အမျိုးအစား | | ကူဘိုတာ ဒီဇယ်အင်ဂျင်- တိုက်ရိုက်မီးလောင်ပေါက်ကွဲစေသောစနစ်၊ ဒေါင်လိုက်ဆလင်ဒါ ၃လုံးထို၊ အတွင်းရေအေးပေးစနစ် | | |
| မော်ဒယ် | | D1803 | | |
| အသားတင် မြင်းကောင်ရေအား | | 52.8 | 52.8 | မြင်းကောင်ရေ |
| အမြင့်ဆုံးမြင်းကောင်ရေအား | | 32.0 | 40 | မြင်းကောင်ရေ |
| ပင်မဝင်ရိုးမှထုတ်လွှတ်နိုင်သောမြင်းကောင်ရေ (PTO ဝင်ရိုး) | | 27.8 | 32 | မြင်းကောင်ရေ |
| ပစ်စတင်အလျားနှင့်စုတ်ချက် | | ၈၇ x ၁၀၂.၄ | | မီလီမီတာ |
| ပစ်စတင်ထုတ်ပေးနိုင်သောစွမ်းအားပမာဏ | | 1,826 | | စီစီ |
| အင်ဂျင်အမြဲလည်ပတ်နိုင်သော မြန်နှုန်း | | 2,700 | | တစ်မိနစ်လည်ပတ်နှုန်း |
| အများဆုံးလိမ်ကျစ်အား | | 101.1 | 121.8 | နယူတန်-မီတာ |
| ဘက်ထရီ | | ၁၂ ဗို့ / 52 အမ်ပီယာနာရီ | | |
| လောင်စာတကန်ပမာဏ | | 40 | | လီတာ |
| **စရိုးသွားစနစ်** | | | | |
| စံတာယာအရွယ်အစား | အရှေ့ဘီး | 7 - 16 | 8 - 16 | လက်မ |
| | အနောက်ဘီး | 11.2 - 24 | 12.4 - 24 | လက်မ |
| ပင်မဂီယာ | | ပုံသေချိတ်ဆက်ထားသောဂီယာဖွဲ့စည်းမှုစနစ် | | |
| ရွှေ့လျားမှုဂီယာ | | စင်ခရိုရှုပ်တယ် | | |
| ဂီယာအချက်ရေ | | အရှေ့ဂီယာ ၈ ချက်၊ အနောက်ဂီယာ ၈ ချက် | | |
| စတီယာတိုင် | | ပါဝါစတီယာတိုင် | | |
| ဘရိတ်စနစ် | | ဘရိတ်ပြားအစိုပုံစံ | | |
| ကလပ်ချ် | | ဘရိတ်ပြားအခြောက်ပုံစံ | | |
| အရှေ့ဘီးမောင်းနှင်မှုစနစ် | | ဂီယာအစောင်းပုံစံ | | |
| ချိုးကွေ့နိုင်သောအကွာအဝေး (ဘရိတ်စနစ်ဖြင့်) | | 2.5 | | မီတာ |
| အမြန်နှုန်း | ရှေ့သို့ | 1.7 - 21.1 | 2.0 - 25.1 | ကီလိုမီတာ/နာရီ |
| | နောက်သို့ | 1.7 - 21.1 | 2.0 - 25.1 | ကီလိုမီတာ/နာရီ |
| **ပါဝါလွှဲပြောင်း ဝင်ရိုးစနစ်(ပီတီဝိုဝင်ရိုး)** | | | | |
| စံအရွယ်အစား | | ၁-၃/၈ လက်မ, လိုင်းခြောက်လိုင်း PTO ဝင်ရိုး | | |
| ပီတီအိုအမြန်နှုန်း(အင်ဂျင်အမြန်နှုန်း) | | အင်ဂျင်အမြန်နှုန်း ၂,၃၇၆ ဒွိ ၅၄၀ | | တစ်မိနစ်လည်ပတ်နှုန်း |
| | | အင်ဂျင်အမြန်နှုန်း ၂,၅၉၆ ဒွိ ၇၅၀ | | |
| **ဟိုက်ဒရောလစ်စနစ်** | | | | |
| ပန့်စီးဆင်းမှုနှုန်း | | 23.9 | | လီတာ/မိနစ် |
| ဟိုက်ဒရောလစ်ထိန်းချုပ်မှုစနစ် | | တည်နေရာထိန်းချုပ်မှု | | |
| ၃ ငုတ်ပါနောက်တွဲချိတ် | | ပုံစံ ၁ | | |
| အမြင့်ဆုံးမတင်အား | မတင် နိုင်သောအမှတ်မှ | 906 | | ကီလိုဂရမ် |
| | နောက်အမှတ်မှမတင်နိုင်မှု ၂၄ လက်မ | 651 | | ကီလိုဂရမ် |
| **အတိုင်းအတာ/အလေးချိန်** | | | | |
| လေးချိန်(ထွန်စက်သာ၊ ဝိတ်တုံးမပါပါ) | | 1,255 | 1,275 | ကီလိုဂရမ် |
| အလျား(အရှေ့အကာ-အနောက်ဘီး) | | 2,920 | | မီလီမီတာ |
| အနံ(ဘယ်-ညာ၊ အနောက်တာယာအနားစွန်း) | | 1,337 | 1,422 | မီလီမီတာ |
| ဘီးအခြေ(အရှေ့-အနောက်) | | 1,610 | | မီလီမီတာ |
| အမြင့်(အောက်ခြေ-လုံခြုံမှုသံဘောင်ထိပ်) | | 2,010 | 2,035 | မီလီမီတာ |
| မြေပြင်မှလွတ်ကင်းမှု | | 330 | 355 | မီလီမီတာ |
| (ဘယ်-ညာ) တာယာဘီးအလယ်ဗဟိုမှတ်မှအကွာအဝေး | အရှေ့ဘီး(စံ) | 1,020 | 1,080 | မီလီမီတာ |
| | အနောက်ဘီး(စံ) | 1,060 | 1,120 | မီလီမီတာ |
| | အနောက်ဘီး (ဘီးအခြေချိန်ညှိနိုင်သောမော်ဒယ်) | - | 1,113/1,197/1,297 | မီလီမီတာ |


ကူဘိုတာမြန်မာကုမ္ပဏီလီမိတက်

အကွက်နံ့ပါတ်C27၊ဇုန်A၊သီလဝါအထူးစီးပွားရေးဇုန်၊ရန်ကုန်တိုင်းဒေသကြီး၊
မြန်မာနိုင်ငံ။
www.kubota.com.mm


Kubota

စိုက်ပျိုးရေးကဏ္ဍအတွက်တွန်းအားဖြစ်စေသည့်စွမ်းအား

# ကူဘိုတာ လေးဘီးထွန်စက်

## L4018 / L3218 မြင်းကောင်ရေ 40 နှင့် 32

## သာယာပျော်ရွှင်ဘဝ စတင်ခြင်း



# ကူဘိုတာ လေးဘီးထွန်စက် L4018/L3218

## သာယာပျော်ရွှင်ဘဝ စတင်ခြင်း









# စွမ်းအားမြင့်မြင်းကောင်ရေ၏အစမူလ

## သာယာပျော်ရွှင်ဘဝ စတင်ခြင်း

ကုဘိုတာဒီဇယ်အင်ဂျင်အသစ်၏ မြင်းကောင်ရေ ၃၂ နှင့် မြင်းကောင်ရေ ၄၀ တွင်တပ်ဆင် ထားသောတိုက်ရိုက်မီးလောင်ပေါက်ကွဲစေသောစနစ် ၊ **စလင်ဒါ ၃ ခု နှင့် 1,826 CC စွမ်းအား လေးဘီးထွန်စက်သည် ကြမ်းတမ်းသောနေရာများတွင် အလုပ်လုပ်နိုင်စွမ်းရှိစေသည်။**

စလင်ဒါပစ္စတင်ပေါ်တိုက်ရိုက် ဆီဖြန်း မီးလောင်ပေါက်ကွဲစေခြင်းဖြင့် အပြည့်အဝ လောင်မြိုက်မှုကိုရရှိစေသည် ၊အင်ဂျင်၏လောင်မြိုက်မှု အပူချိန်ကို လျော့ချ ပေးသည် ၊ အပူချိန်မြင့်တက်မည့်ပြဿနာ ကိုလျော့ချပေး ၍ အလုပ်စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်သော စွမ်းရည်ရရှိစေသည်။ အင်ဂျင်သည်အလွန်ပူပြင်းသော ပတ်ဝန်းကျင်၌ပင်လျှင် အမြန်နှုန်းကို တုံ့ပြန်နိုင်စွမ်းရှိသဖြင့် တာရှည်အကြမ်းခံနိုင်မှုအပေါ်စိတ်ချနိုင်သည် ၊ ကူဘိုတာလေးဘီးထွန်စက် မော်ဒယ် အားလုံးသည် ကူဘိုတာ၏ အရည်အသွေး နှင့်ကိုက်ညီသောအလုပ်လုပ်နိုင်ဆောင်နိုင်မှု စံချိန်စံညွှန်း ဖြစ်သော အင်ဂျင်တာရှည် အကြမ်းခံနိုင်မှုကို အလုပ်ကြမ်းများ၌ နာရီ 1,500 စမ်းသပ်စစ်ဆေးမှု အောင်မြင် ထား ရမည်။



## ပိုမိုကောင်းမွန်သော ကူဘိုတာ ဒီဇယ်အင်ဂျင် အသစ်သည်လေးဘီးထွန်စက်အားထိရောက် စွာအလုပ်လုပ်နိုင်စေသည်။

### ဘက်စုံအသုံးပြုနိုင်ခြင်း၏သာလွန်မှု*

L3218, L4018 လေးဘီးထွန်စက်သည် အနောက်ဘီးနှစ်ဘီးကြားအကွာအဝေးအား အဆင့် ၃ ဆင့်ချိန်ညှိနိုင်သည်။ ၄င်းတို့မှာ ၁၁၁.၃ စင်တီမီတာ, ၁၁၉.၇ စင်တီမီတာ, ၁၂၉.၇ စင်တီမီတာ စသဖြင့် စိုက်ပျိုးသည့်သီးနှံစိုက်ခင်းပေါ်မူတည်၍ သင့်လျော်သလိုချိန်ညှိနိုင်စေသည်။

*သတိပြုရန် ၊ နောက်ဘီးအခြေချိန်ညှိနိုင်သောမော်ဒယ်သာ၊






### ပီတီအို အမြန်နှုန်း ၂ ဆင့်

အရည်အသွေးမြင့်မားသောလုပ်ဆောင်ချက်ရရှိရန်အတွက် မောင်းနှင်သူများသည် ခုတ်စက်အသုံးပြု၍ မြေကိုမှုန့်အောင် ထွန်ယက်ရာတွင်လည်းကောင်း ဆေးဖြန်းစက်နှင့် ဖြန်းစက်အရွယ်မျိုးစုံအား တွဲဖက်သုံးရာတွင်လိုအပ်သော PTO ဂီယာ ၂ ချက်၏အမြန်နှုန်းကို 540 rpm နှင့် 750 rpm ဟူ၍ရွေးချယ်အသုံးပြုနိုင်သည်။



### ရှေ့ဂီယာ ၈ ချက် နှင့် နောက်ဂီယာ ၈ ချက်

ဂီယာ၏အမြန်နှုန်း အရှေ့သို့ 8 ချက် နှင့် နောက်သို့ 8 ချက် တွင် သင့်တော်သည့်အမြန်နှုန်းဖြင့်နောက်တွဲပစ္စည်းအမျိုးမျိုးကိုတွဲဖက်နိုင်ပြီး လယ်ယာမြေများတွင်လိုအပ်သလို ထိထိရောက်ရောက်မောင်းနှင် အလုပ်လုပ်နိုင်စေသည်။

လေးဘီးထွန်စက်၏စွမ်းဆောင်ရည်သည်စက်ကိုထိန်းသိမ်းပြုပြင်မှု၊ သုံးစွဲပုံ၊ လုပ်ငန်းခွင်အခြေအနေပေါ် တွင်မူတည်သည်၊
SKC ၏သုံးစွဲပုံညွှန်ကြားချက် ပေါ်တွင်မူတည်၍သုံးစွဲရန်၊

# လိုအပ်ချက်ရှိသလိုရွေ့လျားနိုင်ခြင်း၏ သာလွန်မှု



## စင်ခရို-ရှက်ဒ်တယ် ရွေ့ရှားမှုဂီယာ

ကူဘိုတာ လေးဘီး းထွန်စက်၏ မူပိုင် စင်ခရို-ရှက်ဒ်တယ် ရွေ့လျားမှုဂီယာစနစ်သည် လေးဘီးထွန်စက်အား ရှေ့နှင့် နောက်သို့ ယာဉ်အားရပ်တန့်ရန်မလိုဘဲ လျင်မြန်စွာရွေ့လျားစေနိုင်ပါသည်။ ထို့ပြင်ဂီယာ၏အနေအထားသည် စတီယာရင်၏အောက်နားတွင်သာတည်ရှိသ ဖြင့်လက်ချောင်းများဖြင့်ဂီယာကိုအလွယ်တကူပြောင်းလဲအသုံးပြုနိုင်ပါသည်။




## ပါဝါစတီယာရင်

လယ်ကွက်အသေးများနှင့် 2.5 မီတာ ခန့်သာ ကျဉ်းမြောင်းသောကန်သင်းထောင့်ချိုး နှင့် အကန့်အသတ်ရှိသော နေရာများတွင်စိုးရိမ်စရာမရှိ ပါဝါစတီယာရင်ဖြင့်သက်တောင့်သက်သာ အလွယ်တကူပင်ယာဉ်ကိုကွေ့ဝိုက်မောင်းနှင်နိုင် ပါသည်။




## သင့်တင့်သောအလေးချိန် ၊ မြေပြင်မှအမြင့် နှင့် မြင်းကောင်ရေ

သင့်လျော်သောယာဉ်အလေးချိန်သည်ဝမ်းဗိုက်အား မြေပြင်နှင့်ကွာဝေး၍ သင့်တင့်သောမြင်းကောင်ရေ ဖြင့်ရုန်းအားအပြည့်နှင့်လုပ်ငန်းအခြေအနေမျိုးစုံတွင် အသုံးပြုနိုင်သည်။ ရွှံ့နွံများတွင်သို့မဟုတ်ကန်သင်းရိုးများအားဖြတ်ကျော်စဉ်။



## လေးဘီးမောင်းစနစ်

လေးဘီးမောင်းစနစ်ဖြင့် ဘီးယက်အားကိုတိုးမြှင့်ပေးခြင်း၊ မောင်းနှင်နေစဉ်အတွင်း ဘီးချော်မှုလျော့နည်းစေရန် ဘီး လေး ဘီးအပေါ် ညီမျှသည့် ယက်နိုင်သောစွမ်းအား ကိုပို့လွှတ်ထားခြင်း

# ကူဘိုတာ၏စံနှုန်းနှင့်အညီသာလွန်သောတာရှည်အသုံးခံနိုင်မှု



## ၃ ငုတ်ပါနောက်တွဲချိတ်

မတင်နိုင်သောမောင်းတံတစ်စုံ (Crab Claw) ပုံစံသည်လေးလံသောအရာများနှင့် ကြမ်းတမ်းသောအလုပ်များတွင် ခံနိုင်ရည်ရှိစေရန်နှင့် သက်တမ်းကြာရှည်စွာအသုံးပြုနိုင် စေသည့်အပြင်ထိန်းသိမ်းပြုပြင်စရိတ်ကိုလျော့ချပေးသည်။



## ရှေ့ဘီးဝင်ရိုးနှင့်ရှေ့ဘီးမကျိုင်

ကူဘိုတာ လေးဘီးထွန်စက် ၏ ထင်ရှားသောအမှတ်လက္ခဏာမှာ ရှေ့ဘီးဝင်ရိုးကို အသစ်တီထွင် ပြုလုပ်ထားခြင်းဖြစ်သည်။ ကြမ်းတမ်းသောအလုပ်များကို ခံနိုင်မှုရှိစေရန်နှင့် လှည့်အားပိုမိုကောင်းမွန် စေရန်ဒီဇိုင်းပြုလုပ်ထားသည်။ အသုံးပြုနေစဉ်ဝင်ရိုးအပိတ်စနစ်သည် ရွှံ့နှင့်ဖုန်များဘီးဝင်ရိုးထဲဝင်ရောက်မှုကိုလျော့နည်းစေသည်။



## အတွင်းအစိတ်အပိုင်းများ

အတွင်းအစိတ်အပိုင်းများသည်ခိုင်မာ၍ ကြာရှည်ခံနိုင်စွမ်းရှိသည်။ အထူးသဖြင့် ဂီယာ ၊ ကလပ်ရှ် အိမ် ၊ နောက်ဝင်ရိုးအိမ် ၊ ကရိုင်းအိမ် တို့သည် အထူးမာကျောသော သံသားနှင့်ပြုလုပ်ထားသဖြင့် ကြမ်းတမ်းသောလုပ်ငန်းလုပ်ဆောင်စဉ်ပြင်းထန်သောထိခိုက်မှု ခံနိုင်စွမ်းရှိစေသည်။



## အငွေ့ပြန်ပိုက်

ရှေ့ဝင်ရိုးတွင်အငွေ့ပြန်ပိုက်တပ်ဆင် ထားခြင်းဖြင့် အတွင်းထဲရှိလေဖိအားကို လျော့ချပေးပြီး အပိတ်များ ပျက်စီးမှုလျော့နည်းစေသည့်အပြင် ရှေ့ဝင် ရိုးနား တဝိုက်ဆီယိုစိမ့်မည့်ဘေးမှ လျော့နည်းစေပြီး ပိုမိုတာရှည်ခံစေသည်။

# ခေတ်မှီ၍ထူးခြားသောဒီဇိုင်းပုံသဏ္ဍာန်၏ သာလွန်မှု





## ဒီဇိုင်းအသစ်ထုတ်လုပ်ထားသောဘောနက

ထူးခြားလှပ၍ခေတ်မှီသောဒီဇိုင်းသည် ကူဘိုတာလေးဘီးထွန်စက်၏ နည်းပညာပိုင်း၌ ရှေ့ဆောင်မှုကို ဖော်ပြလျှက်ရှိသည်။



## LED ဒိုင်ခွက်မျက်နှာပြင်

မောင်းနှင်သူမှနေ့ရောညပါလွယ်ကူရှင်းလင်းစွာဖတ်ရှုနိုင်အောင် ဒီဇိုင်းပြုလုပ်ထားခြင်း။



## ဘီးများနဘေးရှိ LED မီးသီး

ကျယ်ပြန့်စွာအလင်းရောင်ပေးသော LED မီးသီးဒီဇိုင်းသည် မောင်းနှင်သူအား ညအချိန်တွင် ရှင်းလင်းပြတ်သား သော အမြင်အာရုံကိုပေးစွမ်းနိုင်သောကြောင့် ယုံကြည်စိတ်ချမှုအပြည့်ဖြင့် အလုပ်လုပ်နိုင် စေသည်။

## ရွေးချယ်နိုင်သောတွဲဖက်ပစ္စည်းများ*



### အထိအခိုက်ခံအကာ

အထိအခိုက်ခံအကာ သည် ကူဘိုတာလေးဘီးထွန်စက်အား ဆူးညှောင့်ခလုတ်များသောနေရာတွင်အလုပ်လုပ်စဉ် ဘောနက် နှင့် ရှေ့မီးသီးများ ထိခိုက်ပျက်စီးခြင်းမှကာကွယ်ပေးသည်။



### ရှေ့ဝိတ်တုံး

ရှေ့ဝိတ်တုံးသည်ရှေ့မြေထိုးစက်ကိုဖြုတ်ထား၍နောက်တွဲပစ္စည်းများတပ်ဆင်သုံးစွဲစဉ် စက်၏ရှေ့ပိုင်းသည် ထွန်စက် နှင့်ဟန်ချက်ညီစေရန်ဒီဇိုင်းပြုလုပ်ဖန်တီးထားသည်။



### ဒေါင်လိုက်အိတ်ဇောဂိုက်

အလုပ်လုပ်စဉ်လေတိုက်ခတ်မှုပြင်းထန်ခြင်းကြုံတွေ့နိုင်သည့်အတွက်တီထွင်ထားခြင်းဖြစ်သည်။ မောင်းနှင်သူထံရောက်ရှိမည့်မီးခိုးပမာဏကိုလျှော့ချပေးသည်။

* ရွေးချယ်နိုင်သောတွဲဖက်ပစ္စည်းများသည် ထွန်စက်၏ယေဘုယအစိတ်အပိုင်းတွင်မပါ ဝင်ပါ။

# လုံခြုံမှုစနစ်နှင့်သက်တောင့်သက်သာရှိမှု၏ သာလွန်မှု



**1** ဘက်စုံရောင်ပြန်ရှေ့မီးကြီး

မောင်းနှင်သူ၏ယုံကြည်မှုရှိရန်အတွက် ဒီဇိုင်း အသစ်သည်အလင်းကျယ်ပြန့်လုံလောက်စွာပေး နိုင်သည့်အတွက် ညအခါ အလုပ်လုပ်စဉ် သို့မဟုတ် ခရီးသွားရာတွင် ယုံကြည်စိတ်ချရစေသည်။



**4** KDS လုံခြုံမှုစနစ် (ကူဘိုတာ မောင်းနှင်သူလုံခြုံရေး)

KDS ဘေးအန္တရာယ်ကင်းစနစ်သည် ယာဉ်မောင်းအား ထွန်စက်တိမ်းမှောက်သောအခါ ကာကွယ်ရန် ဒီဇိုင်းတီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။KDS စနစ် တွင်ပါဝင်သော ထိုင်ခုံခါးပတ်နှင့် သတ္တုကိုယ်ထည်နှင့် ပြုလုပ်ထားသော ခေါင်မိုးဂိုင်း တို့သည်ထွန်စက် တိမ်းမှောက်သောအခါစက်ကိုယ်ထည် နှင့် ယာဉ်မောင်း အားပိမိခြင်းဘေးမှအတတ်နိုင်ဆုံး ရှောင်ရှားနိုင်ရန် တပ်ဆင်ထားသည့် အတွက်ယာဉ်မောင်းသူ၏ ဘေးကင်းလုံခြုံရေး ကိုပိုမိုစိတ်ချစေသည်။



**2** ကျယ်ဝန်းသော မောင်းနှင်ခန်း

ထွန်စက်မောင်းနှင်ခန်းသည်ကျယ်ကျယ်ဝန်းဝန်းနှင့် သက်တောင့်သက်သာ ဖြစ်စေသော ကြောင့် ဆက်တိုက် အလုပ်လုပ်နိုင်စေသည်။



**5** တွဲဖက်ကိရိယာများ အားချိန်ညှိနိုင်သည့်လော့ခ်

ညာဖက်မှမတင်နိုင်သည့်မောင်းတံတွင်လော့ခ် တပ်ဆင်ထားသည့်အတွက် အမြင့်ကိုညှိပြီးပါက မသည့် လက်တံ ကိုလွယ်ကူစွာလော့ခ် ချထားနိုင်ပါ သည်။



**3** ထိုင်ခုံကူရှင်

မောင်းနှင်သူ၏ခန္ဓာကိုယ်နှင့် လိုက်ဖက်ညီအောင် တီထွင်ထားသောထိုင်ခုံသည် ကျယ်ဝန်း၍သက်သောင့် သက်သာရှိကာ အလုပ်လုပ်စဉ် တွန်းဆောင့်မှုအား လျှော့ချပေးခြင်းဖြင့် ပင်ပန်းညောင်းညာမှု ကိုလျှော့ချ ပေးသည်။



**6** ဘီးရွံ့ကာပေါ်ရှိလက်ကိုင်

ဘီးရွံ့ကာပေါ်ရှိလက်ကိုင်သည်ယာဉ်၏ဘယ်ဘက်ခြမ်း တွင်ရှိ၍ မောင်းနှင်သူ မောင်းနှင်နေစဉ် ဟန်ချက်ထိန်း ရန်အသုံးပြုနိုင်သည့်အပြင်ထွန်စက်ပေါ် အလွယ်တကူ အတက်အဆင်းပြုလုပ်နိုင်ရန် အထောက်အကူပြုသည်။



**7** ယာဉ်မောင်းသူ၏နောက်ဘက်အကာ

ကြီးမားသောနောက်ဘက်အကာတပ်ဆင်ထားသည့်အတွက် အလုပ်လုပ်စဉ် ရွံ့၊ ဖုန်မှုန့်များအနောက်ဘက်မှ ယာဉ်မောင်းသူထံ လွင့်စင်လာမှုကို ဟန့်တားပေးသည့် အတွက်အနှောင့်အယှက်မရှိ ဆက်တိုက် အလုပ်လုပ် နိုင်သည်။




**အပူချိန်သတိပေးအချက်ပြခြင်း**

အင်ဂျင်အပူချိန်အရမ်းမြင့်သွားပါကသတိပေးအချက်ပြအသံပေးခြင်းဖြင့်အင်ဂျင်ပျက်စီးခြင်းကိုကာကွယ်ပေး သည်။

**ဆီသတိပေးအချက်ပြခြင်း**

ဆီပြန်ဖြည့်နေစဉ်သတိပေးအချက်ပြမှု ၊ ဆီကန်ပြည့်သွားပါကသတိပေးအချက်ပြအသံပေးခြင်း ဖြင့်ဆီဖြည့်စဉ်ပြည့်လျှံသွားခြင်းမှကာကွယ်ပေးသည်။

